# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
# အားကစားနှင့်ကာယပညာဦးစီးဌာန
# နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူးအမျိုးအစား | လစ်လပ် | အနိမ့်ဆုံးပညာ အရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | နည်းပြ(နည်းစနစ်) | (၁၅)နေရာ | သိပ္ပံဘွဲ့(အားကစားပညာ) (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ပြည်နယ်/တိုင်းဒေသကြီး အလွတ်တန်း လက်ရွေးစင်ဖြစ်ရမည်။ မြန်မာ့လက်ရွေးစင်ဖြစ်ပါက ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။ အဓိကအားကစား ကျွမ်းကျင်မှုနှင့် ကြံ့ခိုင်စွမ်းရည် စစ်ဆေးခံရမည်။ |
| ( ခ ) | စာရင်းကိုင်(၂) | (၅)နေရာ | CPA/ B.Com/ B.Econ (သို့မဟုတ်) ဘွဲ့တစ်ခုခု ရရှိပြီး DA အောင်မြင်ရမည်။ |
| ( ဂ ) | ဒု-ကြီးကြပ်ရေးမှူး (ထိန်းသိမ်းရေး) | (၅)နေရာ | B.E(Civil) |

၂။ (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

( ဂ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal)ခြင်း၊ ရာထူးမှထုတ်ပယ်(Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ စာမေးပွဲဝင်ကြေးငွေကျပ်(၁၀၀၀) (ကျပ်တစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ်ငွေထုတ်စာရင်းအမှတ် (MD 010442) သို့ ပေးသွင်းကြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

(က) အခြေခံပညာအထက်တန်း(သို့မဟုတ်)တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် မူရင်း/မိတ္တူ

( ခ ) ဘွဲ့လက်မှတ် မူရင်း/မိတ္တူ

( ဂ ) အားကစားအရည်အချင်းအတွက် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်၏ ထောက်ခံချက်မူရင်း/မိတ္တူ

(ဃ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ

( င ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/မိတ္တူ (သက်တမ်းတိုးပြီး)

( စ ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာနနှင့် အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာနအဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း

(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း

( ဇ ) ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနဆိုင်ရာများတွင် ချိန်နှုန်းလစာ မရရှိသေးသူ (နေ့စားဝန်ထမ်း)များသည် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ (၆)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်းပါရှိရမည်။

( ဈ ) ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံနှင့် ဖုန်းနံပါတ်

( ည) ဝင်ကြေးငွေပေးသွင်းပြီးကြောင်း ပြေစာချလန်မူရင်း

( ဋ ) ပြည့်စုံစွာ ဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း

၅။ ပြင်ပပုဂ္ဂိုလ်များနှင့် ချိန်နှုန်းလစာမရရှိသော ဌာနဆိုင်ရာများတွင် လုပ်ကိုင်နေသူများသည် (၃၁.၈.၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)သို့ လျှောက်ထားရမည်။

၆။ အစိုးရဌာနတစ်ခုခုတွင် ချိန်နှုန်းလစာနှင့် တာဝန်ထမ်းဆောင်နေသူများသည် သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် လျှောက်ထားကြရမည်။ လျှောက်လွှာမိတ္တူ(၁)စောင်ကို ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁) နေပြည်တော်သို့ လိပ်မူ၍ (၃၁.၈.၂၀၂၃)ရက်နေ့ မတိုင်မီ ကြိုတင်ပေးပို့ရမည်။

၇။ ဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန Website ဖြစ်သော www.mosya.gov.mm နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန Ministry of Sports & Youth Affairs Facebook Page တို့တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၈။ လျှောက်ထားသူသည် အားကစားဆိုင်ရာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး၊ နည်းပြ(နည်းစနစ်)ရာထူးအတွက် ရေးဖြေအောင်မြင်သူများကိုသာ အဓိကအားကစားနှင့်ကွံ့ခိုင်စွမ်းရည်စစ်ဆေး၍ လူတွေ့စာမေးပွဲဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။ ကျန်ရာထူးများအတွက် ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စာမေးပွဲဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၉။ သတ်မှတ်စည်းကမ်းချက်များနှင့်ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၆၂၀၃၊ ၀၆၇-၄၀၆၀၂၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန